# နိဒါန်း

၁၉၇၇ ခုနှစ်နှောင်းပိုင်းတွင် ဂျပန်နိုင်ငံကမ်းရိုးတန်းမြို့များနှင့် မြို့တော်အတွင်း နေထိုင်ကြသော ဒေသခံများ တစ်ဖြည်းဖြည်း ပျောက်ဆုံးစ ပြုလာသည်။ ထိုနှစ် စက်တင်ဘာလလယ်လောက်က တိုကျိုမြို့၏ အနောက်မြောက်ဘက်ပိုင်း မိုင် ၂၀၀ အကွာရှိ ကမ်းခြေ အပန်းဖြေစခန်းတစ်ခုတွင် အနားယူနေသော လုံခြုံရေးဝန်ထမ်းတစ်ဦး ပျောက်ဆုံးသွားသည်။ နိုဝင်ဘာလတွင် တော့နီအီဂါတာ ဆိပ်ကမ်းမြို့မှ ကြက်တောင်ရိုက်လေ့ကျင့်ပြီး အိမ်ပြန်လာသူ အသက် ၁၃ နှစ်အရွယ် ကျောင်းသူလေးတစ်ဦး ထပ်မံပျောက်ဆုံးသွားပြန်သည်။ သူ့အား နောက်ဆုံးမြင်တွေ့ခဲ့ရသည်မှာ အိမ်နှင့်မလှမ်းမကမ်း ပေရှစ်ရာအကွာတွင်ဖြစ်ပြီး နောက်ထပ်မတွေ့ရတော့ပေ။ နောက်နှစ် ဇူလိုင်လပိုင်းတွင် ဂျပန်နိုင်ငံ၏အနောက်မြောက်ပိုင်းရှိ အခြားကမ်းခြေမြို့များတွင်လည်း လူငယ်စုံတွဲနှစ်တွဲချိန်းတွေ့နေစဉ် ထပ်မံ ပျောက်ဆုံးသွားပြန်သည်။ ၎င်းတို့သည် ကားဖြင့်လာသောစုံတွဲနှင့် စက်ဘီးစီးလာသောစုံတွဲများဖြစ်သည်ကို ၎င်းတို့ ကျန်ရစ်ခဲ့သောကားများနှင့် စီးလာသော စက်ဘီးများအရ သိရှိရသည်။

ထိုစဉ်က ပျောက်ဆုံးသွားသူများသည် မြောက်ကိုရီးယားအထူးတပ်ဖွဲ့၏ အဓမ္မဖမ်းဆီး ခေါ်ဆောင်သွားခံရသူများပင်ဖြစ်သည်။ ထိုသို့ ဖမ်းဆီးခံရသူများမှာ ဂျပန်နိုင်ငံရှိ ပြည်သူများသာ မဟုတ်ဘဲ အရှေ့အလယ်ပိုင်း၊ အရှေ့ဥရောပနှင့် အာရှတိုက်အချို့နေရာများရှိ လူများလည်း အဓမ္မဖမ်းဆီး ခေါ်ဆောင်ခံခဲ့ရသည်။ ၁၉၇၈ ခုနှစ်၊ မေလက မကာအိုဌ် နေထိုင်သော ထိုင်းအမျိုးသမီးတစ်ဦးသည် အလှပြင်ဆိုင်သို့ အသွားတွင် ဖမ်းဆီး ဆွဲခေါ်ခံရသေးသည်။ ယင်းနှစ် ဇူလိုင်လအတွင်းကလည်း လက်ဘနွန် အမျိုးသမီးလေးဦးအား ဘေရွတ်သို့ ဖမ်းဆီးခေါ်ဆောင်သွားကြပြန်သည်။ ထိုမှတစ်နှစ်ကြာသော် ရိုမေးနီးယားအနုပညာရှင်တစ်ဦး ပြပွဲတစ်ခုကျင်းပရန် အာရှသို့လာရောက်စဉ် ထပ်မံ ပျောက်ဆုံးသွားပြန်သည်။

ပျောက်ဆုံးသွားကြသူတချို့မှာ နိုင်ငံခြားတွင် အလုပ်ရမည်ဟူသော မက်လုံးဖြင့် ဖြားယောင်း ခေါ်ဆောင်ခံရသည်။ တချို့သည် ပါးစပ်ကိုစည်းနှောင်ပြီး အိတ်ထဲထည့်ကာ မြောက်ကိုရီးယားသို့ လှေဖြင့် အဓမ္မလူကုန်ကူးခံရသောပုံစံမျိုးဖြင့် ဖမ်းဆီးခေါ်ဆောင်ခံရခြင်း ဖြစ်သည်။ ပျောက်ဆုံးသွားကြသူများ၏ မိသားစုဝင်များကလည်း ပျောက်ဆုံးသူများကို လိုက်လံရှာဖွေခြင်း၊ ရေခဲတိုက်များတွင် စုံစမ်းခြင်း၊ အလွတ်စုံထောက်များ၊ နတ်ဆရာများ ငှားရမ်း၍ စသဖြင့် နည်းလမ်းမျိုးစုံသုံးကာ ရှာဖွေသော်လည်း အချည်းနှီးသာ။ အချိန်တွေသာ တရွေ့ရွေ့ကုန်ဆုံးသွားသည်။ ပျောက်ဆုံးသွားသူများအနက်မှ ငါးဦးကိုသာ ပြန်လည်တွေ့ခဲ့ကြသည်။

အကြောင်းမှာ သူတို့ ဖမ်းဆီးခေါ်ဆောင်ခံရသည့် နေရာချင်းမတူညီသည်က တစ်ကြောင်း၊ ဖမ်းဆီးခေါ်ဆောင်ခံရချိန်တွင် လူနည်းနည်းစီသာ ဖမ်းဆီးခံရသည်က တစ်ကြောင်း၊ ဂျပန်နိုင်ငံတွင် မတော်တဆမှုတစ်ခုဖြစ်လျှင် လက်သည်မပေါ်သည့် အမှုကသာ များသည်ကတစ်ကြောင်း စသော အကြောင်းအမျိုးမျိုးတို့ကြောင့် ပြန်ရှာတွေ့ရန်မှာ မလွယ်ကူလှပေ။ ဒေသခံစာတမ်းတစ်ခုတွင်တော့ စုံတွဲတစ်တွဲသည် အချစ်နယ်ကျွံကာ ကိုယ်ဝန်ရလာသည့်အတွက် နှစ်ဦးသဘောတူ ထွက်ပြေးသွားကြသည်ဟု မထင်မရှား ဖော်ပြထားသည်။

ဂျပန်တွင် လူပျောက်ဆုံးမှုနှင့် ပတ်သက်သည့် ကောလာဟလများသည်လည်း အခါအားလျော်စွာ မကြာခဏထွက်ပေါ်လျက် ရှိနေသည်။ သို့သော်လည်း သတင်းစာများတွင် အခြားဂြိုဟ်မှ ဂြိုဟ်သားများ ဖမ်းဆီးသွားသလိုလို ရေးသားဖော်ပြထားကာ ထိုသတင်းများမှာလည်း မြို့ပြပုံပြင်တစ်ခုအလား ဖြစ်နေသည်။ မိသားစုဝင်များက သွားရောက်တိုင်တန်းသည့် အချိန်တိုင်းတွင်လည်း သက်သေအထောက်အထားများ ခိုင်ခိုင်လုံလုံမရှိသောကြောင့် စုံစမ်းစစ်ဆေး၍ ရနိုင်မည်မဟုတ်ကြောင်းသာ ရဲတပ်ဖွဲ့က ပြန်လည်ဖြေကြားလေ့ရှိသည်။ အဆုံးမှာတော့ ဂျပန်နိုင်ငံတွင် နှစ်စဉ်လူထောင်ပေါင်း များစွာ ပျောက်ဆုံးနေဆဲပင်ဖြစ်ကာ ရဲတပ်ဖွဲ့ဝင်များကလည်း ပျောက်ဆုံးသွားသူများသည် မူးယစ်ဆေးဝါး သုံးစွဲခြင်းကြောင့်သော်လည်းကောင်း၊ ကြွေးမြီကိစ္စများ မဖြေရှင်းနိုင်သောကြောင့်သော်လည်းကောင်း အစရှိသော လူမှုရေးပြဿနာများကြောင့် မိမိကိုယ်မိမိ အဆုံးစီရင်ခြင်း သို့မဟုတ် ထွက်ပြေး တိမ်းရှောင်သွားကြခြင်းဖြစ်သည်ဟု မှတ်ချက်ပြုနေဆဲ ဖြစ်သည်။

ဂျပန်အစိုးရ အဖွဲ့ဝင်တချို့နှင့် ရဲတပ်ဖွဲ့သည် ယခုကဲ့သို့ လူပေါင်းများစွာ အဓမ္မဖမ်းဆီးခေါ်ဆောင် ခံနေရသည့်ကိစ္စအား သတိပြုမိလာသည့်တိုင်အောင် ယင်းကိစ္စအား တရားဝင်လက်ခံဆောင်ရွက်ရန် သတိမမူ လျစ်လျူရှုနေခဲ့သောကြောင့် ၎င်းတို့အား အရေးယူဆောင်ရွက်ရန် လိုအပ်လာသည်။ လက်တွေ့၌ ထိုသို့အရေးယူဆောင်ရွက်ရန်မှာ ဖြစ်နိုင်မည်လော။ ဂျပန်နိုင်ငံသည် မြောက်ကိုရီးယားနှင့် သံတမန်ဆက်ဆံရေးမရှိသကဲ့သို့ တစ်ဖက်သတ် စစ်ပွဲဆင်နွှဲခြင်းမျိုးလည်း မရှိခဲ့ပေ။ အမေရိကန်နှင့် ချုပ်ဆိုထားသော လုံခြုံရေးသဘောတူစာချုပ်၌ လက်မှတ်ရေးထိုးထားခြင်းဖြင့်သာ အပြန်အလှန် ပါဝင်ပတ်သက်နေခြင်းဖြစ်သည်။ အဆိုပါစာချုပ် စတင်ချုပ်ဆိုစဉ်ကလည်း အဓမ္မ လူဖမ်းဆီးခေါ်ဆောင်ခံရခြင်းအား အကူအညီပေးရန် သဘောမျိုးဖြင့် စတင်ချုပ်ဆိုခဲ့ခြင်းမျိုးတော့ မဟုတ်ပေ။

ဤသို့ဆိုလျှင် မြောက်ကိုရီးယားက အဓမ္မ ဖမ်းဆီးခေါ်ဆောင်ခံရသူများအား အဆုံးစီရင်ပစ်သည်ဆိုသော သက်သေများကို ဖျောက်ပစ်ခဲ့ပါသည်ဟု ဂျပန်အစိုးရအနေဖြင့် သတင်းထုတ်ပြန်လာနိုင်မည်လား။ ရိုကာတာဂါနာအိဆိုသည့် ဂျပန်တို့၏ စကားရပ်တစ်ရပ် (အမှုကိစ္စတစ်ခုကို အရေးယူရန် ပျက်ကွက်မှုအား အကြောင်းပြရာတွင် ဂျပန်လူမျိုးများသုံးသည့်စကားရပ်) အတိုင်း အရေးယူဆောင်ရွက်ရန် အကူအညီမဖြစ်နိုင်ပေ။ ထို့ကြောင့် နှောင် ၇၅ နှစ် ကြာသည့်တိုင်အောင် ဂျပန်နိုင်ငံမှ လူပေါင်းမြောက်များစွာ မြောက်ကိုရီးယားနိုင်ငံသို့ အဓမ္မဖမ်းဆီးခေါ်ဆောင်ခံနေရဆဲပင် ဖြစ်သည်။

